## ဤကျမ်းဦးပါရှိသော ဂုဏ်အင်္ဂါတို့ကား၊

(၁) ဝိနည်းမိုရ် ပြုလုပ်လိုသော သံဃာတော်အရှင်မြတ်တို့မှာ လွယ်လင့်စွာနှင့် ဝိနယဓရ ဖြစ်တော်မူနိုင်ခြင်း။

(၂) လွှတ်တော် ရုံးတော်၌ ရှိတော်မူကြကုန်သော မြို့ပိုင်၊ တရားပိုင် အစရှိကုန်သော ရာထူးရှင်မင်းမြတ်တို့မှာ ခဲခက်သောအရာ တွေ့ကြုံပါက အပင်အပန်းခံ၍ကြံစည်ခြင်းမရှိဘဲ လွယ်လင့်စွာနှင့် ကောက်ချက်ဖြတ်စာ ချပေးတော်မူနိုင်ခြင်း။

(၃) ဝတ်လုံတော်ရ အမိန့်တော်ရ စသော မင်းတို့မှာလည်း ဆင်ခြေကောက်လဲ ဆစ်ပိုင်းဆွဲခြင်းအရာတို့၌ များစွာနားလည် တတ်မြောက်တော်မူနိုင်ခြင်း။

(၄) မြို့အုပ်လောင်း၊ ဝန်ထောက်လောင်း ဖြစ်ကြကုန်သော (အိုင်–အေ–ဘီ–အေ–အမ်–အေ) စသော စာမေးပွဲတန်းကြီးဝင် ဖြစ်သူတို့မှာ ခက်ဆစ်ခက်ရာ၊ ဆိုင်ရာ ဆိုင်ရာတွင် နည်းဥပဒေသပြု၍ တတ်မြောက် အောင်မြင်တော်မူနိုင်ခြင်း။

(၅) လေခအမတ်ခေါ်ပညာတ်သော စာရေးတော်ကြီးမင်းတို့မှာ စာစီစာကုံး အနှုန်းအဖွဲ့ဟူသမျှတို့၌ ကျကျနန ယဉ်ကျေးဖွယ် တတ်ကျွမ်းနားလည်တော်မူနိုင်ခြင်း။

(၆) သီတင်းသီလနှင့် နေထိုင်တော် မူလေ့ရှိကြကုန်သော ဘုရားဒါယကာ ကျောင်းဒါယကာ စသော လူကြီးမင်းတို့မှာလည်း သံဝေဂဓမ္မ ရတော်မူနိုင်ဖွယ် ပြောဟောခြင်းအရာ များစွာ နည်းယူဖွယ်တို့နှင့် ပြည့်စုံနိုင်ခြင်း။

(၇) ပွဲစားရာဖြတ်၊ ခေါ်ပညာတ်သော လူကြီးမင်း သူဌေးမင်းစသော အသေရေရှိ မင်းတို့မှာလည်း ခြွေရံပရိသတ်ကို ပျင်းရိခြင်းမှပျောက်စေ၍ ရွှင်ပြုံးကြည်နူး ပျော်မြူးစေနိုင်ခြင်း။

(၈) စာသင်နုနယ်၊ ပုဂ္ဂိုလ်ငယ်တို့မှာလည်း သဒ္ဒဆေက၊ သဒ္ဒဝိဒူ ဖြစ်စေရန် အဋ္ဌကထာ ဖွင့်ပြသည့်အရိပ်၊ ဋီကာဖွင့်ဟန်အရိပ်ကို၊ နိမိတ်ထင်ထင်၊ သိမြင် တတ်မြောက်စေနိုင်ခြင်း။

(၉) စာစီ စာကုံး အနှုန်းအဖွဲ့နှင့် အသက်မွေးလျက် ရှိသောသူတို့မှာလည်း ဗဟုသုတအရာတွင် များစွာ တိုးပွား၍ အကိုးအကားနှင့်တကွ၊ အခိုင်အမာ သက္ကရာဇ်စွဲ၊ ပြည်စွဲ၊ မင်းစွဲ စသည်တို့ကို သိကျွမ်း တတ်မြောက်စေရန် လွယ်လင့်စွာ ကောက်ယူ သုံးစွဲနိုင်ပါသည်။

ဤသို့ပြဆိုခဲ့ပြီးသော ဂုဏ်အပေါင်းတို့နှင့် ပျံ့လှောင်းဖြိုးကြွယ်သော ကျမ်းဖြစ်ရကား ကပ္ပရက္ခာ ပဒေသာမည်တွင် နတ်သစ်ပင်ကဲ့သို့ မှတ်ထင်တော်မူကြကုန်ရာသည်။